# ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု ကော်မတီ

## Action Committee for Democracy Development (ACDD)

acdd.org@gmail.com

## *ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခတွင်သေဆုံးခဲ့သည့် ရခိုင်ပြည်သူများအတွက် ဝမ်းနည်းကြောင်း ACDD ၏ သဘောထားထုတ်ပြန်ခြင်း*

ထုတ်ပြန်ချက် (၂/၂၀၁၈) နေ့ရက်။ ။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ တွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် ရခိုင်အချုပ်အခြာအာဏာကျရှုံးခြင်း အခမ်းအနားဟောပြောပွဲ ကို သက်ဆိုင်ရာမှာ ပိတ်ပင်တားမြစ်သည့် ကိစ္စနှင့်ပက်သက်၍ လူထုမှမကျေနပ်၍ ခွင့်ပြုရန်တောင်းဆိုရာ လူစုလူဝေးဖြစ်ပေါ်ကာ ရဲမှ သေနတ်ပစ်လူစုခွဲခဲ့သဖြင့် ပြည်သူ (၁၉) ဦးထိခိုက်မှ ဖြစ်ပေါ်ကာ (၇) **ဦးသေဆုံးပြီး (၁၂)ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊** ***သေဆုံးသူ လူငယ်များထဲမှ (၄)ဦးတွင် အကြမ်းဖက် ရိုက်နှက်ခံခဲ့ရသည့် ဒဏ်ရာများ ရှိနေကြောင်း*** သိရှိရသည်။

၁။ သေဆုံးခဲ့ရသည့် ဆန္ဒပြခဲ့သည့် ရခိုင်ပြည်သူ လူငယ်များ နှင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအတွက် ရခိုင်ပြည်နေပြည်သူများ၊ မိသားစုများ နှင့်ထပ်တူဝမ်းနည်း စိတ်မကောင်း ဖြစ်ရပါသည်။

၂။ ဆန္ဒပြလူထုအားဟန့်တားရာတွင် မြောက်ဦးမြို့နယ် ရဲတပ်ဖွဲ့၏ လက်နက်ဖြင့်အကြမ်းဖက်မှု ကြောင့် ပြည်သူများအသက်ဆုံးခဲ့ရသည့်အပေါ် ACDD က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချသည်။

၃။ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်သည့် ပြည်သူများအပေါ် ယခုကဲ့သို့လက်နက်အင်အားသုံးအကြမ်းဖက်၍ လူစုခွဲရန်ဖြေရှင်းသည့် နည်းလမ်းကို ရဲများက အသုံးပြုခဲ့ခြင်းသည် မြန်မာပြည် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာစိုးရိမ်မကင်းဖြစ်စေရပြီး ရခိုင်ပြည်နယ်အစိုးရ၊ ပြည်ထောင်စု အစိုးရတို့သည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် **ကျူးလွန်ခဲ့သူများကိုအရေးယူအပြစ်ပေးရန်တာဝန်ရှိသည်။** စစ်တွေတွင် **ဆက်လက် ဖြစ်ပွားလျက်ရှိသည့် ဆန္ဒပြမှုများနှင့် လူထုလှုပ်ရှားမှုများတွင်လည်း လက်နက်မဲ့ ပြည်သူများအပေါ် ယခုကဲ့သို့ အကြမ်းဖက်မှုထပ်မံ မဖြစ်ပေါ်ရန်အတွက် တာဝန်ရှိသူများကို ပန်ကြားကြောင်း** ACDD ၏ သဘောထား ထုတ်ပြန် လိုက်ရသည်။

**ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု ကော်မတီ**

ဆက်သွယ်ရန်

**ကိုကျော်ထွီး (PLAN-A) မြောက်ဦး - ၀၉ ၂၅၂၂၈၉ ၁၂၂ ၊ ၀၉ ၇၉ ၄၄၈၀၇၆၇**
**မသဥ္ဇာရွှန်းလဲ့ရည် (ACDD Advocacy Coordinator) - ၀၉ ၇၉ ၅၅၇၄၇၇၅**